PDF-XChange Viewer Click to buy NOW! www.docu-track.com



## မြန်မာ့နိုင်ငံရေးသမိုင်းလေ့လာချက်

# ပထမအကြိမ်မြောက် တိုင်းပြည်ပြုလွှတ်တော်ညီလာခံ

တင်နိုင်တိုး

တိုင်းပြည်ပြုလွှတ်တော်ရွေးကောက်ပွဲအပြီးတွင် အနိုင်ရဖဆပလအဖွဲ့ချုပ်က ဖဆပလပဏာမပြင်ဆင်မှုညီလာခံကိုကျင်းပကာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကို ဆောင်ရွက်ခဲ့၏။ထို့နောက် ၁၀ ဇွန် ၁၉၄၇ တွင် ပထမအကြိမ်မြောက်တိုင်းပြည်ပြုလွှတ်တော်ညီလာခံကို စတင်ကျင်းပခဲ့သည်။ ယင်းညီလာခံကို ဇွန်လ ၁၈ ရက်နေ့၌ ရုပ်သိမ်းခဲ့ရာ ရှစ်ရက်ခန့်ကြာမြင့်ခဲ့ပါသည်။

### တက်ရောက်ကြသူများ

ပထမအကြိမ်မြောက်တိုင်းပြည်ပြုလွှတ်တော်ညီလာခံကို ၁၀ဇွန် ၁၉၄၇ နံနက် ၁၁ နာရီတွင် စတင်ကျင်းပခဲ့ရာ လွှတ်တော်အမတ် ၂၅၅ ဦးအနက် ၂၄၆ ဦးတက်ရောက်ခဲ့ပါသည်။ ညီလာခံအစည်းအဝေးတွင် ခေတ္တသဘာပတိအဖြစ် သခင်မြကို တင်မြှောက်ခဲ့ကြသည်။ စတင်ကျင်းပချိန်၌ မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်အစိုးရလက်အောက်၌သာ ရှိနေသေးရာ နယ်ချဲ့လက်ပါးစေတို့က အမြဲတစေခြေထိုးလျက်ရှိနေဆဲဖြစ်သည်။

### ပျက်ကွက်သူများ

ပထမအကြိမ်မြောက်တိုင်းပြည်ပြုလွှတ်တော်ညီလာခံသို့ တက်ရောက်ရန် အမတ်ကိုးဦးပျက်ကွက်ခဲ့သည်။ယင်းကိုးဦးအနက် နှစ်ဦးမှာ ကရင်နီ(ကယား)အမတ်ဦးဘီတူရယ်နှင့် စောသိန်းတို့ဖြစ်ကြသည်။ယင်းအမတ်နှစ်ဦးမှာ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီးမှ ကျွန်တော်တို့ကရင်နီ(ကယား)ပြည်နယ်မှာ လွတ်လပ်ပြီးဖြစ်သည်။တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးသို့ တက်ရန်မလိုဟုပြောဆိုကာ ပြန်သွားကြသည်။ သံလွင်ခရိုင်အမတ်နှစ်ဦးဖြစ်သော စောဝီရီကျော်နှင့် စောတီဖိုးကူးတို့အနက် စောတီဖိုးကူးအား ကရင်အမတ်စောလူလူက ကန့်ကွက်သဖြင့် နုတ်ထွက်သွားရရာ စောဝီရီကျော်တစ်ဦးသာ သံလွင်ခရိုင်အမတ်အဖြစ်ကျန်ရစ်ပါသည်။ ထို့ပြင် အခြားတောင်တန်းဒေသအမတ်ခြောက်ဦးလည်း တက်ရောက်ရန် ပျက်ကွက်ခဲ့သည်။

### လွှတ်တော်သဘာပတိ

ညီလာခံတွင် လွှတ်တော်သဘာပတိအဖြစ် သခင်နုအားတင်မြှောက်ရန်အဆိုနှစ်ရပ် တင်သွင်းခဲ့ကြသည်။ ပထမအဆိုကို ဗိုလ်ချုပ်အောင်ဆန်းကတင်သွင်းပြီး စဝ်ရွှေသိုက်က ထောက်ခံခဲ့သည်။ဒုတိယအဆိုကိုမူ မန်းဘခိုင်ကတင်သွင်းပြီး မစ္စတာအီဘာနာဒ်က ထောက်ခံခဲ့၏။ပထမအကြိမ်မြောက် တိုင်းပြည်ပြုလွှတ်တော်ညီလာခံတွင် အရေးအပါဆုံးသောဆောင်ရွက်ချက်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာလမ်းညွှန်အဆိုတင်သွင်းခြင်းနှင့် အခြေခံဥပဒေရေးဆွဲရေးကော်မတီဖွဲ့စည်းပေးခဲ့ခြင်းတို့ဖြစ်သည်။

### ဗိုလ်ချုပ်၏ ခွင့်စာ

ပထမအကြိမ်မြောက်တိုင်းပြည်ပြုလွှတ်တော်ညီလာခံကျင်းပနေစဉ်အတွင်း ၁၃ဇွန်၁၉၄၇တွင် ဗိုလ်ချုပ်အောင်ဆန်းနေမကောင်းသဖြင့် ခွင့်တစ်ရက်တိုင်ကြားခဲ့သည်။ခွင့်စာကို တိုင်းပြည်ပြုလွှတ်တော်သဘာပတိသို့လိပ်မူထားပြီး "အစီရင်ခံပါသည်ခင်ဗျား၊ကျွန်တော်မှာ နေမကောင်းထိုင်မသာဖြစ်နေပါ၍ ယနေ့လွှတ်တော်သို့မတက်ရောက်နိုင်သည်ကို ခွင့်လွှတ်ပါမည့်အကြောင်း၊ယနေ့တင်မြှောက်ခြင်းခံရသော အမြဲတမ်းဥက္ကဋ္ဌအားလည်း ကျွန်တော်၏ချီးကျူးစာကို ကမ်းလှမ်းလိုက်စေလိုပါသည်ခင်ဗျား။အောင်ဆန်း၊တိုင်းပြည်သဘောသက်ရောက်နေကြောင်းသံသယရှိခြင်းကိုကြားသိရသဖြင့် ပြန်လည်ပြင်ဆင်ထားကြောင်း၊ယခုလမ်းညွှန်အဆိုအမိန့်တွင် ဤသို့မဟုတ်ကြောင်း၊တောင်တန်းဒေသကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုတွင်ပါဝင်လိုမလို မိမိတို့ဘာသာဆုံးဖြတ်ခွင့်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

သည်။ယင်းသို့တင်သွင်းရာ၌ မိန့်ကြားရာတွင် "ဗမာပြည်တိုင်းပြည်ပြုလွှတ်တော်ဟာ အဆင့်အတန်းအားဖြင့် အချုပ်အခြာအာဏာပိုင်သည်ဟုယူဆရသော်လည်း အခွင့်အရေးအားဖြင့်ဆိုလျှင် အာဏာမရှိသေးဘူး။ ဘိလပ်ပါလီမန်က အုပ်ချုပ်နေသဖြင့် ပါလီမန်က အချုပ်အခြာစိုးမိုးအုပ်ချုပ်နေခြင်းမှ ရုပ်စဲ

### အခြေခံဥပဒေရေးဆွဲရေး

၁၈ဇွန်၁၉၄၇ညီလာခံနောက်ဆုံးနေ့တွင် မန်းဘခိုင်က အခြေခံဥပဒေရေးဆွဲရေးကော်မတီဝင်၅၅ဦး၏အမည်စာရင်းကို တင်သွင်းခဲ့သည်။ထိုသူများထဲတွင် ရှမ်းပြည်အမတ်၆ဦး၊ကချင်နှင့်ချင်းအမတ် ၃ဦးစီ၊သံလွင်ခရိုင်အမတ်၁ဦး၊ကရင်အမတ်၅ဦးတို့လည်း ပါဝင်ကြသည်။မန်းဘခိုင်က လွှတ်တော်ဟူသမျှမှာ အချုပ်အခြာအာဏာ လက်ဝယ်ဆုပ်ကိုင်ပိုင်ဆိုင်ပြီးမှခေါ်ယူလေ့ရှိသော်လည်း မြန်မာနိုင်ငံ၌မူ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲပြီးမှသာ လွှတ်လပ်ရေးကိုကြေညာနိုင်ခဲ့သည်။

### ညီလာခံရုတ်သိမ်းခြင်း

၁၈ဇွန်၁၉၄၇တွင် ပထမအကြိမ်မြောက်တိုင်းပြည်ပြုလွှတ်တော်ညီလာခံကို ရုတ်သိမ်းလိုက်၏။တိုင်းပြည်ပြုလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်မြောက်ညီလာခံကို လာမည့်ဇူလိုင်လ၇ရက်နေ့တွင် စတင်ကျင်းပနိုင်လိမ့်မည်ဟုခန့်မှန်းကြောင်း ကြေညာခဲ့သည်။

### ဗိုလ်ချုပ်တို့ကျဆုံးခြင်း

ပထမအကြိမ်တိုင်းပြည်ပြုလွှတ်တော်ညီလာခံကျင်းပအပြီး တစ်လအကြာ ၁၉ဇူလိုင်၁၉၄၇တွင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြသည်။ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဂျော့ဘုရင်မင်းမြတ်အပါအဝင် ဗြိတိသျှအစိုးရဝန်ကြီးချုပ်အက်တလီ၊အိန္ဒိယခေါင်းဆောင်နေရူးစသူတို့ထံမှ သဝဏ်လွှာများပေးပို့ခဲ့ကြသည်။

ဂျော့ဘုရင်မင်းမြတ်၏ဝမ်းနည်းကြောင်းသဝဏ်လွှာတွင် ဇန်နဝါရီလအတွင်းက ဗိုလ်ချုပ်အောင်ဆန်း၊သခင်မြတို့နှင့်တွေ့ဆုံခဲ့ရပုံကိုမှတ်မိတော်မူသော ဘုရင်မင်းမြတ်သည် အမှုဆောင်ကောင်စီအဖွဲ့ဝင်ဝန်ကြီးများအားသတ်ဖြတ်သည့်သတင်းကို ကြားသိတော်မူရ၍ လှိုက်လှိုက်လှဲလှဲစိတ်ဆင်းရဲသွားတော်မူကြောင်း၊သေဆုံးသွားရရှာသောသူများ၏ ဆွေမျိုးသားချင်းအပေါင်းတို့အား လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းခြင်းဖြစ်မိတော်မူကြောင်း စသည်ဖြင့်ဖော်ပြထား၏။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဘုရင်ခံ၏အမှုဆောင်အဖွဲ့ဝင်ဝန်ကြီးများသည် ဒုတိယအကြိမ်မြောက်ကျင်းပသောတိုင်းပြည်ပြုလွှတ်တော်ညီလာခံသို့ တက်ရောက်နိုင်ခဲ့ခြင်း မရှိတော့ပေ။



ဗိုလ်ချုပ်အောင်ဆန်းသဘာပတိအဖြစ် ဆောင်ရွက်သော ပြည်ထောင်စုနှင့် ပြည်နယ်များဆိုင်ရာဆပ်ကော်မတီမှ အခြေခံဥပဒေရေးဆွဲရေးဆွေးနွေးနေကြစဉ်

ပြုလွှတ်တော်အမတ်" ဟူ၍ ဖော်ပြထားသည်။

### လမ်းညွှန်အဆို

၁၆ဇွန်၁၉၄၇တွင် ဗိုလ်ချုပ်အောင်ဆန်းက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်ရမည့် အခြေခံအချက်အလက်များကိုချမှတ်ပေးသည့် လမ်းညွှန်အဆိုအား တင်သွင်းခဲ့သည်။ယင်းအဆို၌ အချက်၇ချက်ပါရှိရာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် "ပြည်ထောင်စုနိုင်ငံတော်" ဟုခေါ်တွင်စေသော လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်သမ္မတနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်စေရမည်၊ ပြည်ထောင်စုနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကသတ်မှတ်ဖော်ပြသည့် တစ်သီးပုဂ္ဂလပြည်နယ်များပါဝင်စေလျက်သို့ သတ်မှတ်ဖော်ပြသည့် တစ်သီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာရရှိစေရမည်" စသည့်အချက်များပါဝင်ပါသည်။

### မိနစ် ၉၀ ကြာမိန့်ခွန်း

ဗိုလ်ချုပ်အောင်ဆန်းသည် ပထမအကြိမ်တိုင်းပြည်ပြုလွှတ်တော်ညီလာခံတွင် လမ်းညွှန်အဆိုကိုတင်သွင်းခဲ့ရာ၌ မိနစ်၉၀ကြာမိန့်ခွန်းရှည်တစ်ရပ်ကိုလည်း ပြောကြားခဲ့သည်။ ယင်းမိန့်ခွန်းတွင် ဖဆပလပဏာမညီလာခံကျင်းပစဉ်ကဆုံးဖြတ်ခဲ့သောအဆို၌ ပြည်ထောင်စုကြီးတွင်တောင်တန်းဒေသအားလုံးပါဝင်ရမည်ဟု

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းက လွန်ခဲ့သောလေးငါးလခန့်က တောင်တန်းနယ်သားများအခြေအနေ မရေမရာဖြစ်နေသည့်ဘဝမှ တိုင်းပြည်ပြုလွှတ်တော်တွင်ပါဝင်နိုင်အောင် ဗမာခေါင်းဆောင်တို့က ကြိုးပမ်းခဲ့ကြခြင်းဖြစ်ကြောင်း၊အမှောင်တွင်းမှအလင်းရောင်သို့ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် အလင်းရောင်မှ အမှောင်တွင်းသို့ ပြန်သွားလိုလျှင် လွတ်လပ်စွာလုပ်ဆောင်ခွင့်ရှိကြောင်း" စသည်ဖြင့်လည်း ပြောကြားခဲ့သည်။

### ထောက်ခံသူများ

ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်အဆိုကို ဖဆပလအမတ်များအပြင် ရှမ်းပြည်အမတ်များဖြစ်ကြသော ညောင်ရွှေစော်ဘွားကြီး၊ဦးထွန်းမြင့်၊အင်္ဂလိပ်မြန်မာကပြားအမတ် မစ္စတာအေရေးဗား(Mr.A Rivers)၊ကရင်အမတ်များဖြစ်ကြသော မန်းဘခိုင်၊စောစံဘိုးသင်၊စောဝီရီကျော်၊ကချင်အမတ်များဖြစ်ကြသော ဆမားဒူးဝါးဆင်ဝါးနောင်၊ဒူးဝါးဇော်လွန်း၊ချင်းအမတ် ဝမ်ကိုဟော၊ မွန်အမတ်မွန်ထွန်းရင်၊ ရခိုင်အမတ်ဗိုလ်ဘစော၊ ဦးစံထွန်းအောင်၊ ကွန်မြူနစ်အမတ်သခင်သန်းဖေ၊ မူဆလင်အမတ်ဦးစိန်ဘွား၊ အမျိုးသမီးအမတ်ဒေါ်စောရွှေနှင့်ဒေါ်လှရှင်တို့က ထောက်ခံခဲ့ကြရာ ကန့်ကွက်သူမရှိ အတည်ပြုခဲ့သည်။

### လုံးဝလွတ်လပ်ရေးအဆို

၁၈ဇွန်၁၉၄၇ညီလာခံနောက်ဆုံးနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက လုံးဝလွတ်လပ်ရေးအဆိုကို တင်သွင်းခဲ့ပြီးမှ ဥပဒေအရ အချုပ်အခြာအာဏာရရှိမယ်" ဟူ၍ ပြောကြားခဲ့သည်။

ထို့ပြင် "တိုင်းပြည်ပြုလွှတ်တော်မှာ ပြောဆိုတဲ့စကားတွေဟာ လွတ်လွတ်လပ်လပ်ပြောဆိုနိုင်တယ်လို့ ယူဆတယ်။ သို့သော် Legal Sanction ခေါ်တဲ့ ဥပဒေအခွင့်အရေးအရ အာဏာရှိသလားဆိုတော့ မရှိသေးပါ။ ဒီတိုင်းပြည်ပြုလွှတ်တော်မှာ ဆုံးဖြတ်လိုတဲ့အဆုံးအဖြတ်များကို အနှောင့်အယှက်မရှိဆုံးဖြတ်နိုင်တယ်။ တိုင်းပြည်ပြုလွှတ်တော်အမတ်များကလွဲလျှင် မည်သူမျှမနှောင့်ယှက်နိုင်။ ဒီလွှတ်တော်မှာ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌဟာရှင်ဘုရင်ပဲ။ သူ့ရဲ့ အဆုံးအဖြတ်အစောင့်အရှောက်အတိုင်းလုပ်နိုင်တယ်"ဟူ၍ ပြောကြားခဲ့သည်။

အခြေခံဥပဒေရေးဆွဲရေးကော်မတီကို ထပ်မံတိုးချဲ့နိုင်ရန်လည်း အဆိုတင်သွင်းခဲ့ရာ တိုင်းပြည်ပြုလွှတ်တော်ဥက္ကဋ္ဌက အဖွဲ့ဝင်၂၀ဦးအထိ ဖြည့်စွက်ခန့်ထားနိုင်သည်ဟူသော ပြဋ္ဌာန်းချက်လည်း ပါရှိခဲ့သည်။သို့ဖြင့် အဖွဲ့ဝင် ၁၆ ဦး ထပ်မံထည့်သွင်းခဲ့သည်။

### ကွဲပြားခြားနားမှု

မြန်မာနိုင်ငံ၏တိုင်းပြည်ပြုလွှတ်တော်က အခြားနိုင်ငံများမှတိုင်းပြည်ပြုလွှတ်တော်များနှင့် ကွဲပြားခြားနားမှုရှိ၏။အမေရိကန်နှင့်ပြင်သစ်တို့တွင် လက်နက်ကိုင်တော်လှန်ရေးမှ ပေါက်ဖွားလာခဲ့သော်လည်း မြန်မာနိုင်ငံ၌မူ ဗြိတိသျှတို့နှင့်လွတ်လပ်စွာညှိနှိုင်းဖြေရှင်းရာမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ထို့ပြင်တိုင်းပြည်ပြု

### *ကျမ်းကိုး*

၁။ တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ (ဒုတိယတွဲ)
၂။ ပင်လုံညီလာခံသမိုင်းစဉ်အကျဉ်း (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်)
၃။ မြန်မာ့ရက်စဉ်သမိုင်း (၁၉၄၅–၂၀၀၈)(ဒုတိယတွဲ)သမိုင်းသုတေသနဦးစီးဌာန

